World Health Organization
Myanmar

# သွေးလွန်တုပ်ကွေးနှင့် ချီကန်ဂန်ညာ ရောဂါ ကာကွယ်ပါ

WHO Myanmar newsletter *special*, 9 September 2019

## သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး သိထားသင့်သည့် အချက်များ

ခြင်မှတစ်ဆင့် ကူးစက်သော ဗိုင်းရပ်စ်ရောဂါများအနက် အဖြစ်များသော ရောဂါတစ်မျိုးဖြစ်သည်။ လူတစ်ဦးမှ တစ်ဦးသို့ ရောဂါပိုးရှိသော အေးဒီးစ်ခြင်ကိုက်ခြင်းမှ ကူးစက်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးမှာ ဒင်ဂီးဗိုင်းရပ်စ်ပိုး အမျိုးအစားဖြစ်ပြီး DEN-1, DEN-2, DEN-3 and DEN-4 ဟူ၍ လေးမျိုးရှိပါသည်။ ပြင်းထန်သော သွေးလွန်တုပ်ကွေးရောဂါ (Severe Dengue) သည် ကလေးများတွင် ဖြစ်ပွားပါက ရောဂါပြင်းထန်စေပြီး အသက်သေဆုံးစေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မိုးရာသီဖြစ်သော ဇူလိုင်လမှ ဩဂုတ်လအထိသည် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှု အများဆုံး ကာလဖြစ်သည်။

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် ပြည်သူလူထု၏ အခန်းကဏ္ဍ

သွေးလွန်တုပ်ကွေးရောဂါမှ ကာကွယ်ရန် ပြည်သူတစ်ဦးချင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသဖြင့် အောက်ဖော်ပြပါ အဓိက အချက်များကို ပြည်သူတစ်ရပ်လုံး လိုက်နာကျင့်သုံးသင့်ပါသည်။

- ခြင်မပေါက်ပွားစေရန် ကာကွယ်နှိမ်နင်းခြင်းသည် အဓိကဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံး သိမြင်လာစေရန်၊
- သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော အေးဒီးစ်ခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ပွားသဖြင့် ရေစည်ရေအိုးများကို လုံခြုံစွာ ဖုံးအုပ်ထားရန်နှင့် ပန်းအိုးများကို အပတ်စဉ်လဲလှယ်ပေးရန်၊
- ရေတင်နိုင်သော စွန့်ပစ်ပစ္စည်းများ (ပလပ်စတစ် ဗူးခွံများ၊ ပုလင်းခွံများ၊ မော်တော်ကားတာယာများ စသည်တို့)တွင် အေးဒီးစ်ခြင်များ ပေါက်ပွားစေနိုင်သဖြင့် စနစ်တကျ စွန့်ပစ်ရန်၊
- အိမ်အနီးပတ်ဝန်းကျင်တွင် ရေမဝပ်စေရန် ရေစီးရေလာ ကောင်းအောင် ဆောင်ရွက်ပေးရန်၊
- သွေးလွန်တုပ်ကွေးရောဂါ သံသယဖြစ်ပါက ရောဂါကို ဆောလျင်စွာ အတည်ပြုနိုင်ရန်အတွက် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများထံမှ အကြံဉာဏ်များရယူပါ။

## သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ

- အဖျားကြီးခြင်း၊
- ပြင်းထန်စွာ ခေါင်းကိုက်ခြင်း
- မျက်လုံးနောက်တွင် နာကျင်ခြင်း
- ကြွက်သားနှင့် အဆစ်များနာကျင်ခြင်း
- ပြင်းထန်စွာ ဗိုက်အောင့်ဗိုက်နာခြင်း
- ပျို့ခြင်း၊ အန်ခြင်း
- ခန္ဓာကိုယ်တွင် အနီစက်၊ အနီကွက်များထွက်ခြင်း




## သွေးလွန်တုပ်ကွေးရောဂါ အတွက်ကုထုံး

- သွေးလွန်တုပ်ကွေးရောဂါအတွက် သီးခြားကုထုံးမရှိပါ။
- ရောဂါကို ဆောလျင်စွာ သိရှိရန်နှင့် သေချာစွာ ပြုစုကုသလျှင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးနှုန်းကို သိသာစွာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ






*source: VBDC, Department of Public Health, Ministry of Health & Sports, 2019*

အထက်ပါ ပုံတွင်ပြထားသည့်အတိုင်း သွေးလွန်တုပ်ကွေး ရောဂါသည် အခြားနိုင်ငံများနည်းတူ တစ်နှစ်ခြား တစ်ခါ ဖြစ်ပွားမှုများကြောင်း တွေ့ရပါသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရောဂါ ဖြစ်စဉ်လမ်းကြောင်းမှာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

## ဗဟိုနှင့် ဒေသဆိုင်ရာပြည်သူ့ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍ

- သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးဌာန၊ ဆေးရုံများတွင် စီမံကုသနိုင်ရန် အတွက် ထောက်ပံ့ပေးခြင်း၊
- သွေးလွန်တုပ်ကွေးရောဂါအတွက် သတင်းပေးပို့မှု တိုးတက်လာစေရန်၊ အွန်လိုင်းမှတစ်ဆင့် သတင်းပို့မှုစနစ်စတင်နိုင်ရန် ပံ့ပိုးပေးခြင်း၊
- ပြည်သူလူထုနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေး အသိပညာ မြှင့်တင်ခြင်းကို တိုးချဲ့ ဆောင်ရွက်ပေးခြင်း၊
- မဟာဗျူဟာ လမ်းညွှန်ချက်များ၊ သုတေသန ဆောင်ရွက်ချက်များနှင့် ဗဟို၊ ပြည်နယ်/တိုင်းနှင့် မြို့နယ်များတွင် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန် ပံ့ပိုးပေးခြင်း၊

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အခြားမိတ်ဘက်များမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဆောင်ရွက်ချက်များ

- သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ကုသရေး လမ်းညွှန်စာအုပ်များ ပံ့ပိုးပေးခြင်း၊ ပညာပေးခြင်းနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအန္တရာယ် ရင်ဆိုင်ရသည့်အခါ ကျွမ်းကျင်သူများ၏ သတင်းအချက်အလက်များကို မျှဝေပေးခြင်း၊
- ပြည်နယ်နှင့်တိုင်း ပြည်သူ့ကျန်းမာရေးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ သွေးလွန်တုပ်ကွေး ရောဂါအဖြစ်များသည့် ရာသီမတိုင်မီ ကာကွယ် နှိမ်နင်းရေး ကြိုတင်ပြင်ဆင်ခြင်းကို ပြည်သူလူထုမှ သိမြင်လာစေရန်အတွက် အသိပညာပေး ဆွေးနွေးပွဲများ လုပ်ဆောင်ခြင်းကို ထောက်ပံ့ပေးခြင်း၊
- ရောဂါဖြစ်ပွားမှု လမ်းကြောင်းသုံးသပ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ စောင့်ကြပ် ကြည့်ရှုခြင်း လုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

World Health Organization
Myanmar

No.403 (A1), Shwe Taung Kyar Street,
Bahan Township, Yangon, Myanmar.
Tel : +95 1 534 300, 534 307, 538 620
538 621, 538 474, 538 476
Fax : +95 1 538 233, 538 435
Email : semmr@who.int
Website : http://www.searo.who.int/myanmar

## ချီကန်ဂန်ညာ ရောဂါ


- ချီကန်ဂန်ညာရောဂါသည် ခြင်မှတစ်ဆင့်ကူးစက်သော ဗိုင်းရပ်စ်ရောဂါ တစ်မျိုးဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်စေသော အေးဒီးစ်ခြင်ကျား ကိုက်ခြင်းဖြင့် ကူးစက်ပါသည်။
- ၁၉၅၂ ခုနှစ်တွင် တန်ဇန်နီးယားနိုင်ငံ တောင်ပိုင်းတွင် ကပ်ရောဂါအသွင် ဖြစ်ပွားရာမှ ပထမဦးစွာ ဖေါ်ပြထားသည့် ရောဂါဖြစ်သည်။
- ချီကန်ဂန်ညာ အမည်သည် ‘Kimakonde’ ဘာသာစကား (တန်ဇန်နီးယားနှင့် မိုဇန်ဘစ်နိုင်ငံတို့မှ တိုင်းရင်းသားအုပ်စုများ ပြောသည့် ဘာသာစကား) မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ ‘ပုံပန်းသဏ္ဍာန် ပြောင်းလဲလာခြင်း - အရိုးအဆစ် များနာကျင်ခြင်း (အဆစ်ယောင်ခြင်း) ခံစားနေရသည့် သွင်ပြင်လက္ခဏာကို ဖေါ်ပြခြင်း’ ဖြစ်သည်။
- ချီကန်ဂန်ညာ ရောဂါ၏ လက္ခဏာများမှာ သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူပြီး သွေးလွန်တုပ်ကွေး အဖြစ်များသော ဒေသများတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် မှားနိုင်ပါသည်။
- ချီကန်ဂန်ညာရောဂါကို လူများက **‘ဆင်တုပ်ကွေးရောဂါ’**ဟု မှားယွင်းစွာ ခေါ်ဆိုကြပါသည်။ သို့သော် ချီကန်ဂန်ညာရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်ခြင်းကြောင့် သာမန် တုပ်ကွေးရောဂါနှင့် လုံးဝ မသက်ဆိုင်ပါ။

## ချီကန်ဂန်ညာရောဂါ လက္ခဏာများ

- ရုတ်တရက် ဖျားလာပြီး အရိုးအဆစ်များ နာကျင် ကိုက်ခဲခြင်း၊
- ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့ခြင်း၊ မောပန်းခြင်း၊ အရေပြားတွင် အစက်အပြောက်များ အနီကွက်များ ထွက်ခြင်း၊
- အရိုးအဆစ်များနာကျင်ကိုက်ခဲခြင်းသည် ဆိုးရွားလာနိုင်ပြီး ရက်အနည်းငယ်မှ ရက်သတ္တပတ်များစွာအထိ ခံစားရနိုင်ပါသည်။
- သွေးလွန်တုပ်ကွေး ရောဂါနှင့် မတူဘဲ ချီကန်ဂန်ညာ ရောဂါကြောင့် အသက် မသေဆုံးနိုင်ပါ။

## မြန်မာနိုင်ငံတွင် ချီကန်ဂန်ညာရောဂါဖြစ်ပွားမှု အခြေအနေ

- အမျိုးသားဓါတ်ခွဲဌာနမှ သံသယ သွေးနမူနာများကို လွန်ခဲ့သော နှစ်များစွာကတည်းက သွေးရည်ကြည် ဓါတ်ခွဲစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းကလေးဆေးရုံကြီးတွင် ချီကန်ဂန်ညာ ရောဂါပိုးကို သွေးရည်ကြည် ဓါတ်ခွဲစစ်ဆေးခြင်းမှ ၂၀၀၇-၂၀၀၈ နှင့် ၂၀၁၁ ခုနှစ် အတွင်းတွင် တွေ့ရှိခဲ့ပါသည်။
- ၂၀၀၉ ခုနှစ်တွင် မန္တလေး၊ နေပြည်တော်၊ တနင်္သာရီ၊ မွန်နှင့် ရှမ်းပြည်နယ်တို့မှ လူနာများ၏ သွေးရည်ကြည်၌ ပိုးတွေ့ရှိခဲ့ပါသည်။
- ၂၀၁၉ ခုနှစ်တွင် ဇန်နဝါရီလမှ ဩဂုတ်လ ၁၅ ရက်အထိ သံသယ သွေးနမူနာများကို ဓါတ်ခွဲစစ်ဆေးရာ ပြည်နယ်/တိုင်း ၈ ခုရှိ လူနာ ၃၅ ယောက်တို့တွင် ပိုးတွေ့ရှိခဲ့ပါသည်။







## ချီကန်ဂန်ညာရောဂါအတွက်ကုထုံး

- ချီကန်ဂန်ညာရောဂါအတွက် သီးခြားကုထုံးမရှိပါ။
- ကုထုံးမှာ အဓိကအားဖြင့် ခံစားနေရသော ဝေဒနာ သက်သာစေရန် (ဥပမာ အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်းနှင့် အဖျားအတွက်) အကိုက်အခဲပျောက်ဆေးနှင့် အဖျားကျဆေးများ ပေးနိုင်ပြီး အရည်များစွာ သောက်ပေးရမည် ဖြစ်ပါသည်။













## ချီကန်ဂန်ညာရောဂါနှင့် ပတ်သက်ပြီး သိထားသင့်သည့်အချက်များ

- ချီကန်ဂန်ညာရောဂါ လက္ခဏာများသည် သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူသည်။
- အေးဒီးစ်ခြင်များဖြစ်သော ***Aedes aegypti*** နှင့် ***Aedes albopitus*** တို့သည် သွေးလွန်တုပ်ကွေးရောဂါနှင့် ချီကန်ဂန်ညာရောဂါ ၂ ခုလုံးကို ကူးစက်စေနိုင်သည်။
- ချီကန်ဂန်ညာရောဂါ ကာကွယ်နှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် အတူတူပင်ဖြစ်သည်။
- လူနာအများစုမှာ လုံးဝ ပြန်လည်ကောင်းမွန်လာသော်လည်း တစ်ချို့လူနာများတွင် အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်းမှာ လ မှ နှစ် အထိ ကြာမြင့်နိုင်ပါသည်။

